## လွှတ်တော်သမိုင်းကြောင်း

## ဝန်ထမ်းဖွဲ့စည်းပုံ

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံးကို(၃.၁.၂၀၁၁) ရက်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(၁)ဦး ဦးဆောင်သည့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၃) ဦးဖြင့် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သမ္မတ ရုံး၏ (၉.၇.၂၀၁၄)ရက်စွဲပါ စာအမှတ်၊၁၈၆(၁)/၈/သမ္မတရုံးဖြင့် ညွှန်ကြားရေးမှူးဦးစီးသည့် ဝန်ထမ်း(၄၂)ဦးအစား ညွှန်ကြားရေးမှူးဦးစီး ဝန်ထမ်း(၅၅)ဦးပါ ဖွဲ့စည်းပုံဖြင့် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ (၁၇.၁.၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၉/ ၂၀၁၇)၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး၏ (၁.၄.၂၀၁၇) ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၂/ ၂၀၁၇)ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံးကို (၁.၄.၂၀၁၇) ရက်နေ့မှစတင်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် အရာထမ်း (၁၈) ဦး၊ အမှုထမ်း (၁၀၆) ဦး၊ စုစုပေါင်း (၁၂၄) ဦးဖြင့် သီးခြား ဖွဲ့စည်းခဲ့ပါသည်။

## တည်နေရာအကျယ်အဝန်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်နှင့်လွှတ်တော်ရုံးသည် ယခင်က မုံရွာမြို့၊ ရုံးကြီးရပ်ကွက်ရှိ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဝန်းအတွင်း တည်ရှိနေရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အိုးဘိုတောင်ရပ်ကွက်ရှိ တိုင်းထွေအုပ်ပိုင် မြေဧက(၆၀.၀၁)ကျော်အတွင်းမှ ပထမအကြိမ်မြေ ဧက(၈.၃၁)ရရှိသဖြင့် မြေဧက(၃.၀၈) ပေါ်၌ အထူးအဖွဲ့(၆)မှ RC(၂)ထပ် (၁၈၀'x၁၄၈'x၅၀') x၂၁.၈' (ပင်မဘုံအဆင့်ထိ) လွှတ်တော် အဆောက်အဦအသစ်အား တန်ဖိုးငွေကျပ် (၃၄၃၄.၃၃၆)သန်း (၄၄၂.၅၉+၂၉၉၁.၇၄၆) ကောင်းသန့်ကုမ္ပဏီမှ RC(၂)ထပ်(၁၁၆'x၅၆'x၂၆')လွှတ်တော်ရုံး အဆောက်အဦအသစ်အား တန်ဖိုး ငွေ(၆၆၅.၀၀)သန်း(၁၄၉.၄+၅၁၅.၆)ဖြင့် (၂၀-၁၁-၂၀၁၃) ရက်နေ့တွင် တစ်ပြိုင်တည်း တည်ဆောက်ခဲ့ရာ (၃၁-၃-၂၀၁၅) ရက်နေ့တွင် ပြီးစီးခဲ့သဖြင့် လွှတ်တော်နှင့် လွှတ်တော်ရုံးကို ပြောင်းရွှေ့ ဖွင့်လှစ် ခဲ့ပါသည်။

၂။ ပထမအကြိမ်ရရှိထားသည့်မြေထဲမှ(၃.၀၈)ဧကပေါ် တွင်(၉၀x၂၅x၂၄) (၄)ခန်းတွဲ RC(၂)ထပ် အဆောက်အဦ(၆)လုံး၊(၂၄'x၂၅')(အခန်း ၈ ခန်းပါ) ဧည့်လက်ခံဆောင် (၃၀'x၂၅')၊ RC(၁)ထပ်(၂)လုံး၊စားသောက်ဆောင်(၈၀'x၃၀')၊RC(၁)ထပ်(၁)လုံး၊မင်းခမ်းဆောင်(၁၀၀'x၂၅' )၊ RC(၁)ထပ်(၁)လုံး၊ ဧည့်ဝန်ထမ်းဆောင်(၁၀၀'x၂၅')၊ RC(၁)ထပ်(၂)လုံး ၊ (၁၂/၂၀၁၇)လတွင်

ဒုတိယအကြိမ် ထပ်မံရရှိသည့်မြေ(၂.၄၅)ကေပေါ်တွင် (၉၀'x၂၅'x၂၄')(၄)ခန်းတွဲ RC(၂)ထပ် (၄)လုံး၊ ဧည့်လက်ခံဆောင်(၃၀'x၂၅')၊RC(၁)ထပ်(၂)လုံး၊ VIP ရိပ်သာအခန်း(၄)ခန်းပါ RC(၁) ထပ်(၁)လုံးတို့ ဆောက်လုပ်ထားပါသည်။

## တိုင်းဒေသကြီးလွှတ်တော်ဖွဲ့စည်းမှု

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကို မြို့နယ် (၁) မြို့နယ်လျှင် (၂) ဦးကျစီ၊ (၂၇) မြို့နယ် အတွက် ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၄) ဦး၊ နိုင်ငံတော် ရှိလူဦးရေ စုစုပေါင်း၏ (၀.၁) ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသော ရှမ်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် (၁) ဦး၊ ချင်းတိုင်းရင်း သားလွှတ်တော်ကိုယ်စား(၁)ဦး လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် (၂၅) ဦး၊ စုစုပေါင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၀၁) ဦးဖြင့် ဖွဲ့စည်းထားပါသည်။

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ (USDP) မှ ကိုယ်စားလှယ် (၆၈) ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ မှ ကိုယ်စားလှယ် (၇) ဦး၊ ချင်းတိုးတက်ရေးပါတီ(၁) ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စား လှယ် (၂၅) ဦး၊ စုစုပေါင်း (၁၀၁) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) မှ ကိုယ်စားလှယ် (၆၉) ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ကိုယ်စားလှယ်(၅) ဦး၊ တိုင်းလိုင်ရှမ်းနီအမျိုးသားများဖွံဖြိုးတိုးတက်ရေးပါတီ(၂)ဦး၊ တပ်မ တော်သား လွှတ်တော်ကိုယ်စားလှယ် (၂၅) ဦး၊ စုစုပေါင်း (၁၀၁) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးပါတီမှ ကိုယ်စားလှယ် (၃၉) ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ (၁၀) ဦး၊ နာဂအမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ(၇)ဦး၊ တိုင်းလိုင်ရှမ်းနီအမျိုးသားများဖွံ့ဖြိုး တိုးတက်ရေးပါတီ (၄)ဦး၊ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)မှ(၃) ဦး၊ ပြည်သူ့ပါတီမှကိုယ်စားလှယ်(၁)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၂၁) ဦး၊စုစုပေါင်း (၈၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။